# မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ တဦးဦးအား ICE သို့မဟုတ် နယ်ခြား ကင်းလှည့်တပ်ဖွဲ့မှ ဖမ်းဆီးခဲ့လျှင် လုပ်ဆောင်ရမည့် အချက် ၅ ချက်

၂၀၂၅ ဒီဇင်ဘာလ ၁၉ ရက်နေ့ နောက်ဆုံးရအချက်အလက်

၂၀၂၅ ခုနှစ်နှစ်တွင် အမေရိကန်ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာန ICE အဖွဲ့မှ အလုပ်နေရာများ၊ လူဝင်မှုကြီးကြပ်ရေးတရားရုံးများနှင့် အများသွားလာသည့် လမ်းမများတွင် ပိတ်ဆို့ဖမ်းဆီးမှုများ သိသိသာသာ တိုးလုပ်လာခဲ့ပါသည်။ အကယ်၍ သင့်မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ တဦးဦးကို ICE သို့မဟုတ် တခြား လူဝင်မှုကြီးကြပ်ရေး အေဂျင်စီတခုခုမှ ဖမ်းဆီးခဲ့လျှင် မည်သို့ လိုက်ရှာမည်၊ တရားရေး အကူအညီ မည်သို့ရယူမည်၊ လိုအပ်တဲ့ အချက်အလက် အထောက်အထားများ မည်ကဲ့သို့ ပြင်ဆင်မည် ဆိုသည်နှင့် သူတို့ အကူအညီလိုအပ်ချိန်တွင် မည်သို့ပံ့ပိုးပိုးမည်ဆိုသည်ကို ယခု ရေးသားထားပါသည်။ ခက်ခဲသည့် လုပ်ငန်းစဉ်ကြား မည်သို့ဆောင်ရွက်ရမယ်ဆိုသည်ကို သင့်အား ကူညီနိုင်ရန် အဓိက လုပ်ဆောင်ရမည့် အဆင့်ငါးဆင့်ကို ယခု ညွှန်ကြားချက်တွင် အကြမ်းဖျင်းဖော်ပြထားပါသည်။

## ၁၊ မိသားစုဝင်ကို ဘယ်လို ရှာဖွေမလဲ

**အဆင့် ၁။ ဖမ်းဆီးမှုခံရမှုနှင့် ပတ်သက်သည့်မှတ်တမ်း အထောက်အထား အသေးစိတ် ရယူပါ**

- ဖမ်းဆီးခံရသည့်နေ့၊ အချိန်နှင့် နေရာ
- ဖမ်းသည့် အေဂျင်စီနာမည်နှင့် (ဖြစ်နိုင်လှ ျင်) ယာဉ်လိုင်စင်နံပတ် အပါအဝင် ဖမ်းဆီးသည့် အရာရှိတွေနှင့် ပတ်သက်သည့် အချက်အလက်ကို ဖော်ထုတ်ပါ။
- ဖမ်းဆီးမှုအတွင်း အပြန်အလှန်ပြောဆိုသမျှနှင့် အရာရှိ၏ ဝတ်စားဆင်ယင်ပုံ(မည်သူမည်ဝါ လက္ခဏာ သိပ်မကွဲပြားရင်)
- အရေးကြီးအချက်၊ တကယ်၍ သင့်မိသားစုဝင်ကို ရဲတပ်ဖွဲ့ အယောင်ဆောင် ထားသူတွေက ပြန်ပေးဆွဲသည်ဟု သံသယရှိလျှင် ရဲတပ်ဖွဲ့ကို ချက်ချင်း ဆက်သွယ်ပြီး ပြန်ပေးဆွဲခံရတာ ဖြစ်နိုင်သည့်အကြောင်း အကြောင်းကြားပါ။

**အဆင့် ၂။** ICE ICE ထိန်းသိမ်းခံရသူများ တည်ရှိရာ ရှာဖွေသည့် အွန်လိုင်းစနစ် (ODLS) ကို


ဖေါ်ပြပါနှစ်ခုလုံး သင် လိုအပ်ပါလိမ့်မည်၊

- နာမည် အပြည့်အစုံ၊ မွေးနေ့နဲ့ မွေးဖွားရာတိုင်းပြည် **သို့မဟုတ်**
- နိုင်ငံခြားမှ လာနေသူများအား ပေးထားသည့် ့ (A#) နံပတ်၊ ၎င်းနံပတ်သည် တဦးချင်းအတွက် လူဝင်မှုကြီးကြပ်ရေး အရာရှိများက ပေးထားသည့် နံပတ်ဖြစ်ပြီး USCIS ဒါမှမဟုတ် လူဝင်မှု ကြီးကြပ်ရေး တရားရုံးမှ တရားဝင်မှတ်တမ်းစာများတွင်ဖြစ်စေ အလုပ်လုပ်ခွင့်ပါမစ်တွင်ဖြစ်စေ တွေ့ရှိနိုင်ပါသည်။ အကယ်၍ ပထမဆုံးအကြိမ်ဆိုလျှင် သူတို့ကို A# နံပတ်အသစ် ထုတ်ပေးပါလိမ့်မည်။

# မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ တဦးဦးအား ICE သို့မဟုတ် နယ်ခြား ကင်းလှည့်တပ်ဖွဲ့မှ ဖမ်းဆီးခဲ့လျှင် လုပ်ဆောင်ရမည့် အချက် ၅ ချက်

၂၀၂၅ ဒီဇင်ဘာလ ၁၉ ရက်နေ့ နောက်ဆုံးရအချက်အလက်

- မှတ်သားရန်။ *အွန်လိုင်းစနစ်တွင် လတ်တလောဖမ်းဆီးမှုများကို ပထမ ၄၈ နာရီအတွင်း တွေ့ချင်မှ တွေ့ရပါလိမ့်မည်။*




- အထောက်အကူပြုမည့် အကြံပြုချက်များ
  - နာမည်မှုကွဲများနှင့် စာလုံးပေါင်းမမှားရန် စစ်ဆေးပါ၊ အထူးသဖြင့် နာမည် ကြားမှာ တုံးတိုတားထားတာမျိုး၊ နောက်ဆုံးနာမည် နှစ်ခု တူနေတာမျိုး၊ ဥပမာ။ García Vasquez vs. Garcia-Vazques.
  - မွေးနေ့ကို ပုံစံတမျိုးနဲ့ ရေးပြီး ကြိုးစားကြည့်ပါ၊ လနဲ့ ရက်စွဲကို ပြောင်းပြန်လှည့် ရေးပြီး ပြောင်းရှာပါ။
  - ODLS တွင် အသက် ၁၈ နှစ်အောက်ဖမ်းဆီးခံရသူများ၏ မှတ်တမ်းကို ရှာဖွေနိုင်မည် မဟုတ်ပါ။ အသက်မပြည့်သေးသူများကို ရှာဖွေရာတွင် မိသားစုဝင်များအနေနှင့် နိုင်ငံတဝှမ်း ဒုက္ခသည် ရွှေ့ပြောင်းအခြေချရေးဌာန ဖုံးနံပတ် ၁-၈၀၀-၂၀၃-၇၀၀၁ ကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။ ၎င်းဌာနသည် တပတ်တွင် ၇ ရက်လုံး ၂၄ နာရီ ဖွင့်လှစ်ထားပါသည်။

**အဆင့် ၃၊** ICE တည်နေရာစနစ်မှာ သင့်မိသားစုဝင်နဲ့ ပတ်သက်လို မှတ်တမ်းဖေါ်ပြထားတာ မတွေ့လျှင် ပြည်နှင်သည့် လုပ်ငန်းဆောင်ရွက်သည့် ICE ၏ ERO နယ်ခံရုံးများ သို့မဟုတ် ဖြစ်နိုင်ခြေရှိသည့် ထိန်းသိမ်းရေးစခန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ICE အဖွဲ့အနေနှင့် ထိန်းသိမ်းထားသူ လူအများအပြားကို ICE ထိန်းသိမ်းရေးစခန်း၊ ဖယ်ဒရယ်အချုပ်ထောင်နှင့် ဒေသဆိုင်ရာ အချုပ်များကဲ့သို့ နေရာတော်များများတွင် ပို့ထားတတ်သည်ကို သတိပြုပါ။

*မှတ်သားရန်၊ ICE အနေနှင့် ဖမ်းဆီးထားသူများကို တိုင်းပြည်တဝှမ်းမှ မတူသော ထိန်းသိမ်းရေး စခန်းများသို့ အကြောင်းကြားချက်နှင့် ဖြေရှင်းချက် ပေးပုံမရဘဲ အမြဲတစေ လွှဲပြောင်းလေ့ရှိပုံရပါသည်။*

# မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ တဦးဦးအား ICE သို့မဟုတ် နယ်ခြားကင်းလှည့်တပ်ဖွဲ့မှ ဖမ်းဆီးခဲ့လျှင် လုပ်ဆောင်ရမည့် အချက် ၅ ချက်

၂၀၂၅ ဒီဇင်ဘာလ ၁၉ ရက်နေ့ နောက်ဆုံးရအချက်အလက်

| အေဂျင်စီ၊ | ဆက်သွယ်ရန် အချက်အလက် (ဝက်ဘ်ဆိုဒ် Link များ) | အရေးထား စဉ်းစားချက်၊ | QR ကုဒ်၊ |
|---|---|---|---|
| **ICE** | • ICE လူဝင်မှုကြိုကြပ်ရေးနှင့် အကောက်ခွန်ဌာန၏ ပြန်ပို့ရေးစီမံချက်ဆောင်ရွက်သည့် နယ်ခံရုံးများ<br>• ICE ထိန်းသိမ်းရေးစခန်းများ | လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာန ICE ထိန်းသိမ်းရေးစခန်းများ သို့မဟုတ် အဖမ်းခံရသည့် နေရာနှင့် အနီးဆုံး နယ်ခံရုံးများတွင် ရှာဖွေပါ။ | |
| **အကျဉ်းထောင်များ ဗျူရို** | ဖက်ဒရယ် အကျဉ်းထောင်များ ဗျူရို အကျဉ်းသားရှိသည့် နေရာပြ | ဖက်ဒရယ်အချုပ်ထောင်ဖြစ်ပြီး ဖက်ဒရယ်အစိုးရ သတ်မှတ်ထားသော ရာဇဝတ်မှု ကျူးလွန်သူများ တရားစွဲဆိုခံထားရသူများကို ထိန်းသိမ်းရာနေရာဖြစ်ပါသည်၊ ယခု ထိုနေရာများတွင် နေရပ်ပြန်ပို့မည့် အမှုရင်ဆိုင်နေရသူများအား ထိန်းသိမ်းရန်လည်း အသုံးပြုပါသည်။ | |
| **ကောင်စစ်ဝင်ရုံးများ** | နိုင်ငံခြား သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ ဆက်သွယ်ရန် အချက်အလက် | ထိန်းသိမ်းခံရသည့် ရွှေ့ပြောင်းဝင်ရောက်လာသူများအနေနှင့် ကောင်စစ်ဝင်ရုံး၏ အကူအညီ ရယူခွင့် ရှိပါသည်။ သို့သော်လည်း | |

| | | | |
|---|---|---|---|
| | | သင့်မိသားစုဝင်သို့မဟုတ် ရင်းနှီးသူသည် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားနေပြီး သူ့အစိုးရကို ကြောက်ရွံ့နေရသူ ဖြစ်ပါက ကောင်စစ်ဝန်ရုံးကို ဆက်သွယ်ခြင်းကြောင့် သူ၏ ခိုလှုံခွင့်လျှောက်ထားချက်ကို ထိခိုက်စေနိုင်ပါသည်။ | |

## ၂. အရေးကြီးသည့် မှတ်တမ်းအထောက်အထားများ စုဆောင်းပါ

တရားရေးအရ ခုခံချေပရန် လိုအပ်နိုင်သည့် မရှိအဖြစ် အထောက်အထား မိတ္တူများကို သိမ်းဆည်းထားရန် ပြင်ဆင်ပါ၊ ၎င်းအထောက်အထားများ အဆင့်သင့်ပြင်ထားသည့်အတွက် ရှေ့နေအနေဖြင့် အမှုကို ပိုခိုင်မာအောင် တည်ဆောက်ရန် အထောက်အကူ ဖြစ်ပါလိမ့်မည်။

ပါဝင်သည်များမှာ

- သက်သေခံ အထောက်အထား (နိုင်ငံကူးလက်မှတ်၊ ပြည်နယ်က ထုတ်ပေးတဲ့ မှတ်ပုံတင်)
- လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းအထောက်အထား (ပြည်ဝင်ခွင့် ဗီဇာ၊ တရားရုံးက ဆင့်ခေါ်စာ)
- မွေးဖွားမှုမှတ်တမ်း သို့မဟုတ် လက်ထပ်စာချုပ်
- ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ
- ယခင် တရားရေးနှင့် တရားရုံးမှတ်တမ်းများ

## ၃။ ဥပဒေ အကျိုးဆောင်ကိုယ်စားလှယ် ရှာဖွေခြင်းနှင့် နောက်ထပ် လူဝင်မှုကြီးကြပ်ရေး တရားရုံး ရင်ဆိုင်ရမည့်နေ့ကို သိအောင်ကြိုးစားခြင်း

သင့် မိသားစုဝင်၏ အခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေး တရားရုံး၌ နောက်ထပ်ကြားနာမည့်ရက်ကို EOIR's အမှုအခြေအနေ ဆက်သွယ်နိုင်သည့် အော်တိုဖုံးလိုင်း (၁-၈၀၀-၈၉၈-၇၁၈၀) တွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။ သူ့ A နံပတ်နှင့် ဘယ်နိုင်ငံသားဆိုသည်ကိုပြောရန် လိုအပ်ပါသည်။

တရားရေးအထောက်အကူ မဖြစ်မနေ လိုအပ်ပါသည်။ တိုင်းပြည်ကပြန်ပို့ခံရမလား သို့မဟုတ် ခံဝန်ချုပ် ရပိုင်ခွင့်ရှိပါသလား စသည့် သူတို့ ရွေးချယ်ခွင့်ကို နားလည်ရန် ပုဂ္ဂလိက လူဝင်မှုကြီးကြပ်ရေး ရှေ့နေဖြစ်စေ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပရဟိတ္တကူညီပေးသူများကိုဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ သင့်နယ်မြေအတွင်းရှိသည့် ပုဂ္ဂလိက လူဝင်မှုကြီးကြပ်ရေးရှေ့နေကို အမေရိကန် လူဝင်မှုကြီးကြပ်ရေး ရှေ့နေများအသင်း သို့မဟုတ် ခိုလှုံခွင့်လျှောက်ထားသူများ အားပေးထောက်ကူ စီမံချက် (ASAP ပုဂ္ဂလိက ရှေ့နေစာရင်း) တွင် ရှာဖွေနိုင်ပါသည်။ နိုင်ငံတဝှမ်း လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင် လမ်းညွှန်တွင် သင့်နယ်မြေအတွင်းရှိ လူဝင်မှုကြီးကြပ်ရေး ပရဟိတ္တ ဥပဒေအကျိုးဆောင်အဖွဲ့ စာရင်းများ ပါရှိပါသည်။ လျှောက်ထားသူ များပြားခြင်းကြောင့် တရားရေး အကျိုးဆောင်ကို ချက်ခြင်းရှာနိုင်ဖို့မှာ အခက်အခဲ ရှိနိုင်ပါသည်။ ဒေသခံ တိုက်ရိုက်ခေါ်နိုင်သည့် အလျင်အမြန်တုံ့ပြန်ကူညီရေး ကွန်ယက် များကို ခေါ်ယူပြီး အရေးပေါ်အကူအညီ ရယူနိုင်ပါသည်။

| | |
|---|---|
| **EOIR အမှုအခြေအနေပြ ဝက်ဘ်ဆိုဒ်** | |
| **နိုင်ငံတဝှမ်း လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင်များ လမ်းညွှန်** | |
| **တိုက်ရိုက်ခေါ်နိုင်သည့် အလျင်အမြန်တုံ့ပြန်ကူညီရေး ကွန်ယက်** | |
| **အမေရိကန် လူဝင်မှုကြီးကြပ်ရေး ရှေ့နေများအသင်း** | |
| **ပုဂ္ဂလိက ရှေ့နေများ ASAP စာရင်း** | |

## ၄။ ဆက်သွယ်နေပြီး ထောက်ပံ့ကူညီပါ

*သင့် မိသားစုဝင်သို့မဟုတ် ရင်းနှီးခင်မင်သူ ထိန်းသိမ်းရေးအချုပ်ထောင်ကို ရောက်သွားသောအခါ ပုံမှန်အားဖြင့် သူတို့ဆက်သွယ်ချင်သူနှင့် ခေတ္တအချိန်တိုတို အခမဲ့ ဖုံးဆက်ခွင့်ရလေ့ရှိပါသည်။ သူတို့ မှတ်မိသည့် အလွတ်ရသော ဖုံးနံပတ်ကိုသာ ဆက်သွယ်ကောင်း ဆက်သွယ်မည်ကို သိထားဖို့ လိုပါသည်။ ဖုံးခေါ်လာမည်ကို လက်ခံရန် အဆင့်သင့်ပြင်ထားပါ။*

*ထိုနောက် ထိန်းသိမ်းခံနေရသူ တဦးချင်းအတွက် ဖွင့်ထားသည့် ငွေစာရင်း အကောင့်တွင် ပိုက်ဆံ ထည့်ထားပါက သူတို့ကို ထားသည့်နေရာမှ ဖုံးခေါ် နိုင်ပါလိမ့်မည်။ မိသားစုအတွက် ရေးအပေါ် လိုအပ်ပြီး သင့်မိသားစုဝင်၏ အကောင့်တွင် ပိုက်ဆံ လုံလုံလောက်လောက်မရှိလျှင် အခမဲ့ ဖုံးခေါ်ခွင့်ပေးရန် သူ့ကိုထားသည့်နေရာရှိ ဝန်ထမ်းသို့မဟုတ် ICE ဝန်ထမ်းအား တောင်းဆိုနိုင်ပါသည်။ လျို့ဝှက် အတွင်းရေးပြောဆိုမှုအဖြစ် သတ်မှတ်ပေးထားသည့် ရှေ့နေသို့မဟုတ် သံရုံးကို ဖုံးခေါ်ဆို ပြောဆိုမှုများမှ လွဲ၍ တခြားဖုံးခေါ်ဆိုမှု အားလုံးနီးပါးကို ICE က စောင့်ကြည့် အသံသွင်းထားသည့်ကို သိဖို့ လိုပါသည်။*

သင့် မိသားစုဝင် ရင်းနှီးသူအား ထားသည့်နေရာ သိပြီဆိုပါက၊ ထိန်းသိမ်းရေးစခန်းကို ဆက်သွယ်ပြီး သူနှင့် ဆက်သွယ်နိုင်မယ့် ရွေးချယ်ရန် နည်းလမ်းများကိုလေ့လာဖို့ လိုပါသည်။ တချို့ ထိန်းသိမ်းရာ နေရာများသည် လူကိုယ်တိုင်လာရောက်တွေ့ဆုံခြင်းကို ခွင့်ပြုပြီး တခြားနေရာများမှာ ဗွီဒီယိုနှင့် ဆက်သွယ်ပြောဆိုခွင့်ကိုသာ ခွင့်ပြုပါသည်။ <u>သင်ကိုယ်တိုင် လူဝင်မှုကြီးကြပ်ရေး တရားဝင်နေထိုင်ခွင့် ရှိသူ မဟုတ်လျှင် လူဝင်မှုကြီးကြပ်ရေး အကျဉ်းထောင်ကို ကိုယ်တိုင် သွားရောက်ခြင်း မပြုပါနှင့်။</u>

အဝတ်အစားနှင့် အစားအသောက်လို ပစ္စည်းများကို ထိန်းသိမ်းရေးစခန်းမှာ တိုက်ရိုက် ပေးအပ်သည်ဖြစ်၍ ယေဘုယအားဖြင့် အပြင်မှ ခွင့်ပြုလေ့မရှိပါ။ သို့သော်လည်း ဥပဒေရေးရာ စာရွက်စာတမ်းများ၊ စာအုပ်များနှင့် စာများကို ထိန်းသိမ်းရေးစခန်း၏ စည်းကမ်းပေါ်မူတည်ပြီး ခွင့်ပြုနိုင်ပါသည်။ သင့်မိသားစုဝင်၏ ကိုယ်ရေးကိုယ်တာ လိုအပ်ချက် သို့မဟုတ် အစားအသောက်အ ပိုဝယ်ရန် ငွေပေးချင်သည်ဆိုပါက ထိန်းသိမ်းခံနေရသူ တဦးချင်းအတွက် သတ်မှတ်သော ငွေစာရင်းထဲတွင် မည်သို့ ငွေပေးပို့ရမည်ကို ထိန်းသိမ်းရေးစခန်းသို့ မေးမြန်းနိုင်ပါသည်။

*ကော်မစ်စရီ ငွေစာရင်းအကောင့်။ ထိန်းသိမ်းခံနေရသည့်ကာလနှင့် ထိန်းသိမ်းရေးစခန်းမှာ ရှိနေစဉ်ကာလအတွင်း တဦးတယောက် ပိုင်ဆိုင်ငွေ ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။ သူတို့အနေနှင့် တံဆိတ်ခေါင်းဝယ်ရာတွင်ဖြစ်စေ၊ ဖုံးခေါ်ဆိုရန်ဖြစ်စေ၊ အစာပြေစားစရာနှင့် တခြားပစ္စည်းများ ဝယ်ယူရန်ဖြစ်စေ ထိုငွေကို သုံးနိုင်ပါသည်။ အကယ်၍ သင့်မိသားစုဝင်အား တခြားတနေရာ ပြောင်းရွှေ့ထိန်းသိမ်းပါက သူ့အကောင့်ထဲမှ ကျန်ငွေကို ICE မှ နေရာသစ်သို့ ပို့ပေးပါလိမ့်မည်။ အကယ်၍ ထိန်းသိမ်းရေးစခန်းမှ လွှတ်ပေးလိုက်သည် သို့မဟုတ် အမေရိကန်ပြည်ထောင်စုမှ နေရပ်ပြန်ပို့လိုက်သည်ဆိုပါကလည်း အကောင့်ထဲမှ ကျန်ရှိငွေကို*

## <u>၅. ကျွန်ုပ် မိသားစုဝင်ဖမ်းဆီးခံရပြီးနောက် သူ့အမှု ဘာဖြစ်မှာပါလဲ။</u>

သင့် မိသားစုဝင်အနေနှင့် လူဝင်မှုကြီးကြပ်ရေး တရားသူကြီးရှေ့မှောက် ကြားနာစစ်ဆေးခံခွင့် အခွင့်အရေး ရရှိနိုင်ပါသည်။ တချို့သူများသည် ဥပမာအားဖြင့် ပြန်ပို့ခံရမည့် ဆုံးဖြတ်ချက်ကို လက်ရှိ ရင်ဆိုင်နေရသည့်အတွက် (အရင်က ပြန်ပို့ရန် အမိန့်ပေးခံထားရသော်လည်း မထွက်ခွာသေးသူများ ဖြစ်သည့်အတွက်) တရားရုံးတွင် ကြားနာစစ်ဆေးခံရန် အကျုံးမဝင်တော့ပါ။ အကယ်၍ မြန်မြန်ဆန်ဆန် ပြည်နှင်ဒဏ်ပေးဖို့ ကြားနာစစ်ဆေးဆဲကာလမှာ ရောက်နေသူဖြစ်ပြီး နေရပ်နိုင်ငံကို ပြန်ဖို့ ကြောက်ရွံ့ကြောင်း ပြောဆိုထားခြင်းမရှိသူ၊ သို့မဟုတ် ယခင်က နေရပ် ပြန်ပို့ခံရပြီးနောက် အမေရိကန် ပြည်ထောင်စုကို ခွင့်ပြုချက်မရှိဘဲ ထပ်ဝင်လာသူ ဖြစ်ပါက တရားရုံးတွင် ကြားနာစစ်ဆေးခံရန် အခွင့်မရှိ အကျုံးမဝင်တော့ပါ။ အမှုရဲ့ အခြေအနေကို မူတည်ပြီး ရုံးတင်ကြားနာဖို့ အချိန် စောင့်ဆိုင်းနေဆဲ ကာလအတွင်း သင့်မိသားစုအား အာမခံနှင့့််လွှတ်ပေးသည်ဖြစ်စေ သို့မဟုတ် ခံဝန်ချုပ်ဖြင့် လွှတ်ပေးရန် စဉ်းစားကောင်း စဉ်းစားနိုင်ပါသည်။

အကယ်၍ သင့်မိသားစုဝင်က သူ့အမှုနှင့်ပတ်သက်၍ဖြစ်စေ တရားရေးအရ ရွေးချယ်ခွင့်များကို သိလို ပါက သူ့ကိုပို့ထားသည့်နေရာတိုင်းတွင် ပေးထားသည့် လုံခြုံစွာပြောနိုင်သော ဖုံးလိုင်းများကို အသုံးပြုပြီး ICE ၏ စာရင်းပါ အခမဲ့ တရားရေး ဝန်ဆောင်မည့် ရှေ့နေများကို ဆက်သွယ် မေးမြန်းနိုင်ပါသည်။ *ခေါ်ယူမေးမြန်းမှုများ အလွန်အဆမတန် များပြားသည့်အတွက် ဖုံးလိုင်းမအားလျှင်လည်း ဆက်ပြီး ကြိုးစားခေါ်နေဖို့လိုပါသည်။* အမေရိကန် ရှေ့နေများအသင်း (ABA) တရားရေးဆိုင်ရာ အချက်အလက် မိတ်ဆက်သည့် ဖုံးလိုင်း 2150# ကိုလည်း ICE ထိန်းသိမ်းရေးစခန်းတွင်းရှိ လုံခြုံစွာပြောနိုင်သည့် မည်သည့် ဖုံးလိုင်းမှမဆို ဆက်သွယ် ခေါ်ယူနိုင်ပါသည်။

**မိသားစုဝင် သို့မဟုတ် ရင်းနှီးသူ တဦးဦးအား ICE သို့မဟုတ် နယ်ခြား ကင်းလှည့်တပ်ဖွဲ့မှ ဖမ်းဆီးခဲ့လျှင် လုပ်ဆောင်ရမည့် အချက် ၅ ချက်**

၂၀၂၅ ဒီဇင်ဘာလ ၁၉ ရက်နေ့ နောက်ဆုံးရအချက်အလက်

## နောက်ထပ် မှီငြမ်းအားထားစရာများ

| | |
|---|---|
| **နိုင်ငံတဝှမ်း လူဝင်မှုကြီးကြပ်ရေး စီမံချက်၊ ကျနော့ ရပ်ကွက်ထဲကလူ ICE ဖမ်းတာခံရတယ်၊ ကျနော်ဘာလုပ်မလဲ၊ (**အင်္ဂလိပ်၊ စပိန်၊ ဟေတီ ခရီးရိုး **ဘာသာစကားများဖြင့် ဖတ်နိုင်ပါသည်)** | |
| **ကိုယ့်အခွင့်အရေးကို သိပါ၊ ICE အဖမ်းခံရတဲ့ မိဘများ သိသင့်တဲ့ အချက်ငါးချက် (**အင်္ဂလိပ်၊ စပိန်၊ ဟေတီ ခရီးရိုး **ဘာသာစကားများဖြင့် ဖတ်နိုင်ပါသည်)** | |
| **ImportaMi ကလည်း သင့်ကို တိုင်းပြည်က နှင်မယ့်အမိန့်ထုတ်လိုက်ပြီဆိုရင် ဘာဆက်လုပ်ရမလဲ ဆိုတဲ့ အင်မတန်ကောင်းတဲ့** ဆောင်းပါး **တပုဒ် ရှိပါတယ်။** | |
| **သင့်ရဲ့ A နံပတ်ကို ရှာဖွေဖို့ အကူအညီထပ်လိုတယ်ဆိုရင် ဒီ ImportaMi ရဲ့** ဆောင်းပါး **မှာ ရှာဖွေကြည့်ရှုနိုင်ပါတယ်။** | |